## ပဋိပက္ခအလွန် နောက်တနှစ်
## နိုင်ငံမဲ့ ရိုဟင်ဂျာလူမျိုးစုများ၏ လူ့အခွင့်အရေးအခြေအနေနှင့် လူသားချင်းစာနာမှု အခြေအနေများနှင့် ပတ်သက်၍ လူထုအခြေပြုအဖွဲ့အစည်းများက ပြင်းထန်စွာ စိုးရိမ်နေခြင်း

မြန်မာနိုင်ငံရှိ နိုင်ငံမဲ့လူနည်းစု ရိုဟင်ဂျာများသည် ဆယ်စုနှစ်များစွာ ဖိနှိပ်မှု၊ နှိပ်ကွပ်မှုနှင့် ခွဲခြားဆက်ဆံခံရမှု များစွာကို ခံစားခဲ့ရသည်။ လွန်ခဲ့သော ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃ ရက်က ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတဦးအား အဓမ္မပြုကျင့် သတ်ဖြတ်မှု၏ နောက်ဆက်တွဲ ဖြစ်ရပ်အဖြစ် ခရီးသွားနေသော မွတ်ဆလင် ဆယ်ဦး အစုလိုက် အပြုံလိုက် အသတ်ခံရခြင်း ဖြစ်ရပ်သည် ရိုဟင်ဂျာနှင့် အခြားသော မွတ်ဆလင် ဘာသာဝင်များအပေါ် ဆက်တိုက်အကြမ်းဖက် တိုက်ခိုက်သော ဖြစ်ရပ်များ၏ ပထမဦးဆုံးသော ဖြစ်ရပ်ဟု မှတ်ယူနိုင်သည်။ ၂၀၁၂ ခုနှစ် ဇွန်နှင့် အောက်တိုဘာလများ အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် အသက်အိုးအိမ် စည်းစိမ်များစွာ ဆုံးရှုံးခြင်း၊ အိုးအိမ်စွန့်ခွာရခြင်းများနှင့် ခွဲခြားဆက်ဆံ ခံရခြင်းများ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့ရသည်။ နောက်ဆက်တွဲ ရလဒ်များအဖြစ် ထောင်ပေါင်း များစွာသော ရိုဟင်ဂျာများ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ မလေးရှားနှင့် အခြားနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခြင်း ဖြစ်ပေါ်ခဲ့သည်။

အကြမ်းဖက်မှုပြီး နောက်တနှစ် ကြာခဲ့ပြီဖြစ်သော်လည်း ပဋိပက္ခစတင်ရာ အခြေခံရေသောက်မြစ် အကြောင်းတရားများ၊ လုပ်ဆောင်နေသော လူသားချင်းစာနာမှု လုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်ချက်များကို ထုတ်ဖော်တင်ပြနိုင်ခြင်း မရှိသေးချေ။ ရခိုင်နှင့် ရိုဟင်ဂျာ နှစ်ဖက်စလုံးက အကြမ်းဖက်မှုများကို ဇွန်လတွင် ကျူးလွန်ခဲ့ကြသည် ဆိုသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင်တို့၏ ကျူးလွန်မှုကြောင့် ရိုဟင်ဂျာတို့ ပိုမိုအကြမ်းဖက် ခံစားခဲ့ကြရသည်။ ထို့အပြင် မြန်မာအာဏာပိုင်များက ကျင့်သုံးသည့် ရိုဟင်ဂျာအပေါ် ခွဲခြားဆက်ဆံသောဥပဒေနှင့် ကျင့်ထုံးများရှိနေခြင်း၊ သူတို့အပေါ် နိုင်ငံသားအဖြစ် အသိအမှတ်ပြု ခံရမှုမရှိခြင်းနှင့် တတိယနိုင်ငံတွင် မတရားပြုမှု ခံရခြင်းဆိုသည့် အချက်များက စိုးရိမ်စရာ ကိစ္စရပ်များအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။

အခင်းဖြစ်ပွားသည့် ရွှေ့ပြောင်းခံ နေရာများကို ရောက်ရှိရန် ပြင်းထန်စွာ ကန့်သတ်ပိတ်ပင်ခြင်း၊ လူသားချင်းစာနာမှု လုပ်ဆောင်နေသော ဝန်ထမ်းများ၊ လူ့အခွင့်အရေးကာကွယ်မှု လုပ်ဆောင်နေသူများအပေါ် ခြိမ်းခြောက်ခြင်း၊ နောက်ယှက်ခြင်းနှင့် တရားလက်လွတ် ဖမ်းဆီးခြင်းများ ရှိနေသော်လည်း အရပ်ဖက် လူ့အဖွဲ့အစည်းများမှ ကြိုးပမ်းသူများက အခြေအနေများကို စောင့်ကြည့်စစ်ဆေးခဲ့ပြီး မှတ်တမ်းတင်ခြင်း၊ အကြမ်းဖက် ခံရသူများကို လူသားချင်းစာနာသော အကူအညီများပေးခြင်း၊ အစီရင်ခံစာနှင့် ထုတ်ပြန်ကြေငြာချက်များ ထုတ်ဝေခြင်း၊ နိုင်ငံတကာသို့ အကျဉ်းချုပ်တင်ပြခြင်း၊ ရခိုင်ပြည်နယ်နှင့် မြန်မာတနိုင်ငံလုံးရှိ မွတ်ဆလင် လူ့အဖွဲ့အစည်းတို့အပေါ် ဆိုးရွားစွာဖြစ်ပျက်နေမှု အခြေအနေများနှင့် ပတ်သက်ပြီး အကြိမ်ကြိမ်ထုတ်ဖော်ပြောဆိုခြင်းများကို ပိုမိုလုပ်ဆောင်ခဲ့ကြသည်။ ယခင်နှစ်များက အရပ်ဖက် လူ့အဖွဲ့အစည်းများက ထုတ်ဖော်ပြောဆိုခဲ့သော အဓိကစိုးရိမ်ချက်များမှာ -

**အကြမ်းဖက်ခြင်းကို လှုံ့ဆော်မှုနှင့် အစိုးရ၏မှန်းတီးရေးမိန့်ခွန်းများ** - ရိုဟင်ဂျာအပေါ်အကြမ်းဖက်မှုသည် အစိုးရ အာဏာပိုင်များနှင့် ဒေသခံခေါင်းဆောင်များ၏ ရိုဟင်ဂျာဆန့်ကျင်ရေးဆိုင်ရာ ပြောကြားမှုနှင့် လှုံ့ဆော်မှုများဆီက အစပျိုးကြီးထွားလာကြောင်း မကြာခဏတွေ့ရသည်။ အစိုးရအာဏာပိုင်များနှင့် ဒေသခံခေါင်းဆောင်များသည် ရိုဟင်ဂျာများကို တရားမဝင် ဝင်ရောက်နေထိုင် သူများအဖြစ် မကြာခဏဆိုသလို သတ်မှတ်ဖော်ပြခြင်း။ ရိုဟင်ဂျာများနှင့် ကုန်သွယ်မှုပြုသူများကို သစ္စာဖောက်များအဖြစ် သတ်မှတ်ခြင်း၊ နေရပ်မှ စွန့်ခွာထွက်ပြေးနေရသော ရိုဟင်ဂျာများနှင့် ပတ်သက်၍ ထောက်ပံ့ကူညီလုပ်ဆောင်သည့် ဝန်ထမ်းများကို ကန့်ကွက်သည့် လှုံ့ဆော်မှုများကို အားပေးအားမြှောက် ပြုခြင်းများကြောင့် ထိုသို့ စော်ကားခံရလွယ်သောသူ အုပ်စုအပေါ် ဆိုးဆိုးဝါးဝါးအကြမ်းဖက်ခြင်းသည် လက်ခံဖွယ်ရာ ဖြစ်သည်၊ လုပ်သင့်သောအရာဖြစ်သည်ဟု ယူဆစေသော ပတ်ဝန်းကျင်အနေအထားတရပ်ကို ဖန်တီးပေးရာရောက်သည်။

**အကြမ်းဖက်ခြင်းနှင့် အရေးယူမခံရခြင်း** - မြို့နယ်တခုလုံးဖျက်ဆီးခံရပုံကို ရိုက်ကူးထားသည့်ဂြိုဟ်တုပုံရိပ်များ၊ မီးလောင်နေသော နေအိမ်ဓာတ်ပုံများ၊ တိုက်ခိုက်မှုနှင့် သေဆုံးသွားသည့် အလောင်းများပါဝင်သည့် ဗီဒီယိုဖိုင်များ၊ လုံခြုံရေးဝန်ထမ်းများက ကျေးရွာများဆီသို့ ပစ်ခတ်မှုအကြောင်းနှင့် ရိုဟင်ဂျာအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ ကျူးလွန်ခြင်းအကြောင်းကို သက်သေထွက်ဆိုမှုများအားလုံး ပေါင်းစပ်လိုက်ပါက အကြမ်းဖက်မှု၏

နက်ရှိုင်းမှုဆိုင်ရာ သက်သေခံများဖြစ်ပါသည်။ တခြားတဖက်တွင်လည်း ပြစ်မှုကျူးလွန်သည် ဒေသအာဏာပိုင်များ သို့မဟုတ် ပြစ်မှုကျူးလွန်သူ ရခိုင်တိုင်းရင်းသားများအပေါ် အပြစ်ပေးအရေးယူမှုမရှိခြင်း၊ ရိုဟင်ဂျာများကိုသာ ရည်ရွယ်ဖမ်းဆီးပြီး အပြစ်ပေးအရေးယူခြင်းများကလဲ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အတွင်း အကြမ်းဖက်သူများအနေဖြင့် အပြစ်မှလွတ်ကင်းနေစေခြင်းနှင့် မျက်နှာလိုက်ခြင်းများ ရှိနေကြောင်းကို ထင်ဟပ်ပေါ်လွင်စေသည်။ အပြစ်ရှိသူများ အရေးယူမခံရဘဲ အပြစ်က လွတ်ကင်းနေခြင်းကြောင့် မြန်မာတနိုင်လုံး မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုကို အရှိန်မြင့်တင်စေရာရောက်ကြောင်း သက်သေအထောက်အထားပင်ဖြစ်သည်။

**အစိုးရအာဏာပိုင်များနှင့် လုံခြုံရေးဝန်ထမ်းများ၏ပါဝင်ပတ်သက်မှု** - ရိုဟင်ဂျာ မုန်းတီးရေးလှုံ့ဆော်မှု၊ သူတို့အပေါ် တိုက်ခိုက်မှု၊ လုယက်မှု၊ လက်လွတ်စပယ်ဖမ်းဆီးမှု၊ ချုပ်နှောင်မှုနှင့် ညှင်းပမ်းမှုများကို အစိုးရတာဝန်ရှိသူများက ပါဝင်ပတ်သက်နေခြင်း၊ ၎င်းတို့၏ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ကြန့်ကြာအောင်တားဆီးမှုများကို အရေးယူမှုမရှိခြင်းအကြောင်းများကို ကောင်းစွာမှတ်တမ်း ပြုစုထားသည်။ ယင်းတို့နှင့် စပ်လျဥ်း၍ အခင်းဖြစ်ပွားရာနေရာများတွင် အစိုးရလုံခြုံရေးတပ်ဖွဲ့များ ရှိစေမှုကို ခိုင်မာစွာရှိစေရန်အတွက် အဓိကအကြံပေးသည့် စုံစမ်းစစ်ဆေးမှုအစီရင်ခံစာသည် အမှန်တကယ် အလေးထားစရာအချက် ဖြစ်ပါသည်။

**နေရပ်မှ စွန့်ခွာစေခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်မှုများ** - ရခိုင်ဒေသတွင်း နေရပ်မှ စွန့်ခွာနေထိုင်သူပေါင်း တသိန်း လေးသောင်းကျော်ရှိပြီး အများစုမှာ ရိုဟင်ဂျာများဖြစ်သည်။ ခံရသည့် လူဦးရေတို့သည် နေရာထိုင်ခင်း၊ စားနပ်ရိက္ခာနှင့် ရေသန့်၊ ဆေးဝါး၊ ပညာရေး၊ အိမ်သာ၊ မိလ္လာစနစ်နှင့် နေ့စဥ်လိုအပ်ချက်များ လုံလောက်စွာမရရှိခြင်း၊ ကူညီပေးသည့်အဖွဲ့အစည်းများအနေဖြင့် အကူအညီ လိုအပ်နေသောသူများ အထူးသဖြင့် ထိုစခန်းများတွင် မှတ်ပုံတင်ထားခြင်းမရှိသူများကို အကူအညီများကို အရောက်မပို့ဆောင်နိုင်သည့် အခက်အခဲများရင်ဆိုင်နေရခြင်း၊ လူသားချင်းစာနာမှု အကူအညီများနှင့်ပတ်သက်၍ ဆင့်ကဲလာဘ်စားမှုများရှိနေခြင်း၊ မုတ်သုံရာသီအတွင်း နေရာထိုင်ခင်းကို လုံလောက်စွာမစီမံနိုင်ခြင်း စသည့်အချက်များအားလုံးသည် စိုးရိမ်ပူပန်စရာများဖြစ်နေပြီး နေရပ်မှ စွန့်ခွာရသူတို့၏ ရပ်တည်အသက်ရှင်ရေး အခွင့်အလမ်းများအပေါ် တိုက်ရိုက်သက်ရောက်မှုများဖြစ်ပါသည်။

**နိုင်ငံမဲ့ဖြစ်မှုနှင့် သက်သေခံလက်မှတ်မဲ့နှင့် အထောက်အထား** - ရိုဟင်ဂျာများကို နိုင်ငံသားဖြစ်ခွင့်မှ တဖက်သတ် ဖယ်ရှားထားသော ၁၉၈၂ နိုင်ငံသားဖြစ်ခွင့်ဥပဒေသည် လက်ရှိလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခွင့်အရေးဆုံးရှုံးမှုကို အဓိကဖြစ်စေသောအကြောင်းအရာ ဟုမှတ်ယူသည်။ ထို့ပြင် လူမျိုးစုဖြစ်ခွင့်ကို ငြင်းပယ်ခံရခြင်းနှင့် ရိုဟင်ဂျာများကို ဘင်္ဂါလီအဖြစ် ဖိအားပေးမှတ်ပုံတင်စေခြင်းတို့သည် ရိုဟင်ဂျာအသိုင်းအဝိုင်းအပေါ် ရေရှည်ရေတို အကျိုးဆက်များ ဖြစ်ပေါ်စေသည်။

**ခွဲခြားမှုနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခွင့်အရေး** - အာဏာပိုင်များသည် ရိုဟင်ဂျာများကို စီးပွားရေးနှင့် ကုန်သွယ်မှုဗဟိုနေရာများနှင့် ဝေးလံသည့်နေရာများတွင် သီးသန့်ခွဲထုတ် ကန့်သတ်သည့် မူဝါဒကို ပြဌာန်းထားသည်။ စစ်တွေမြို့တွင် နောက်ဆုံးကျန်ရှိသော အောင်မင်္ဂလာရပ်ကွက်သည် ခြိမ်းခြောက်မှုများ၊ ပတ်ဝန်းကျင်မြို့များနှင့် အဆက်အသွယ်ဖြတ်တောက်ခံရမည့် အခြေအနေမျိုးနှင့် ကြုံတွေ့နေရသည်။ အကယ်၍ အာဏာပိုင်များက လုံခြုံရေးနှင့် ပတ်သက်၍ အန္တရာယ်ရှိသောလူထုကို ကာကွယ်ပေးရမည့် တာဝန်များကို မယူနိုင်သည့်အခါနှင့် ငြိမ်းချမ်းစွာ အတူယှဥ်တွဲ နေနိုင်ရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့် အချိန်တိုအတွင်း ဆန္ဒအလျောက်နေရပ်ရင်းသို့ ပြန်လည်စေခြင်းများကို မလုပ်ဆောင်နိုင်သည့် အခါမျိုးများတွင် ထိုသို့ သီးသန့်ခွဲခြားမှုအစီအစဥ်များသည် ရေရှည်တွင် ပိုမိုပေါ်ထွန်းလာစေနိုင်မည့် အလားအလာ အလွန်များလှသည်။ ထိုကန့်သတ်ချက်ကဲ့သို့သော ထင်ရှားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် စိုးရိမ်ပူပန်မှုများအပြင် နေရပ်ရင်းများရှိ မြေယာများတွင် ပြန်လည်လုပ်ကိုင်နိုင်ခွင့် ရှိမရှိဆိုသည့် ကိုယ်ပိုင်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ မေးခွန်းကိုလဲ မည်သူမှဖြေဆိုနိုင်ခြင်း မရှိသေးပေ။ မိသားစုဘဝအပေါ် ခွဲခြားဆက်ဆံသည့် ကန့်သတ်မှု - ခွဲခြားမှုများကို ဆယ်စုနှစ်ပေါင်းများစွာ ခံခဲ့ရသော ရိုဟင်ဂျာများအကြောင်းကို ကောင်းစွာမှတ်တမ်း တင်ထားသည်။ လက်ထပ်ထိမ်းမြားခြင်းကို ကန့်သတ်ခြင်း၊ တရားမဝင် ထိမ်းမြားခြင်းကို အပြစ်ပေးခြင်းနှင့် ထိုသို့ထိမ်းမြားမှုမှ ပေါက်ဖွားလာသော ရင်သွေးငယ်များကို မှတ်ပုံတင်မပေးခြင်းတို့က ယနေ့အချိန်အထိ ဆက်လက်ကျင့်သုံးနေသော

စိတ်မချမ်းမြေ့စရာ အပြုအမူများဖြစ်နေဆဲပင်။ ၎င်းနှင့်စပ်လျဉ်း၍ မကြာမီက ရခိုင်ပြည်နယ်အစိုးရက ထပ်လောင်းအတည်ပြုသော ရိုဟင်ဂျာမိသားစုတွင်း ကလေးနှစ်ယောက်ထက်ပိုမယူရ မူဝါဒနှင့် ထိုမူဝါဒကိုထောက်ခံသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးခင်ရီ၏ ထုတ်ပြန်ကြေညာချက်တို့က အထူးစိတ်ပူပန်စရာအချက်များဖြစ်သည်။

လွတ်လပ်စွာ သွားလာခွင့် - ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာများ ရွှေ့ပြောင်းသွားလာခြင်းကို ပြင်းထန်စွာ ကန့်သတ်ထားသည်မှာ ဆယ်စုနှစ်များစွာရှိခဲ့ပြီ ဖြစ်သည်။ အကြမ်းဖက်မှု စတင်ကတည်းက လွတ်လပ်စွာသွားလာခွင့်ကို ရွှေ့ပြောင်းခြင်းကို ပိုမိုကန့်သတ်ပြီး၊ ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ ရိုဟင်ဂျာများမှာ ခိုလှုံရေးစခန်းများနှင့် နယ်မြေသစ်တွင် ချောင်ပိတ်မိပြီး လူသားချင်းစာနာမှု အကူအညီများတွင်သာ မလွဲမသွေမှီခိုရသည့်ဘဝသို့ ရောက်ခဲ့ကြရသည်။

လူသားချင်းစာနာမှုကို ချိုးဖောက်သောရာဇဝတ်မှု - နိုင်ငံတကာဥပဒေအောက်ရှိ လူသားချင်း စာနာထောက်ထားမှုကို ချိုးဖောက်သော ရာဇဝတ်မှုဆိုသည်မှာ နိုင်ငံတခု သို့မဟုတ် အဖွဲ့အစည်းတခု၏ မူဝါဒအတိုင်း အရပ်ဖက်လူထုများအပေါ် တစိတ်တဒေသဖြစ်စေ ကျယ်ပြန့်စွာဖြစ်စေနှင့် စနစ်တကျတိုက်ခိုက်ခြင်းကိုဆိုလိုသည်။ အတင်းအဓမ္မ နိုင်ငံမှ နှင်ထုတ်ခြင်း၊ လူအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းခြင်းနှင့် သတ်ဖြတ်ခြင်း တို့ကဲ့သို့သော လူသားချင်းစာနာမှုကို ချိုးဖောက်သော ရာဇဝတ်မှုမျိုးကို ရခိုင်ဒေသတွင် ဇွန်လ ၂၀၁၂ ကတည်းက ကောင်းစွာမှတ်တမ်း မှတ်တမ်းတင်ထားသည်။ ဤသို့သော မတရားပြုမူခြင်းများကို လွန်ခဲ့သော ဆယ်စုနှစ်များကထဲက ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်နေသော အခြေအနေများအပြင် မြန်မာပြည်တွင်း ဖိနှိပ်မှုများကြောင့် ထွက်ပြေး တိမ်းရှောင်ခဲ့ရသော ရိုဟင်ဂျာများသည် တိုင်းတပါးကမ်းခြေများသို့ ဆိုက်ရောက်သည်နှင့် ကာကွယ်မှုကင်းမဲ့ခြင်း၊ အခက်အခဲများ ကြုံတွေ့ရခြင်းနှင့် လျစ်လျူရှုခံရခြင်းများကို ဆက်လက်ကြုံတွေ့ရပြန်သည်။ ဇွန်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အတင်းအကြပ် ပြန်လည်မပို့ဆောင်ရဆိုသည့် မူဝါဒကိုဆန့်ကျင်ပြီး ရိုဟင်ဂျာဒုက္ခသည်များကို ပင်လယ်ပြင်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ သီရိလင်္ကာနှင့် အခြားတိုင်းပြည်များမှ လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက အစုလိုက်အပြုံလိုက် စွန့်ခွာလာသည့် အကာအကွယ် လိုအပ်နေသော ဒုက္ခသည်များကို ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြင့် တုန့်ပြန်ခဲ့သည်။

နိုင်ငံတကာ ဥပဒေပိုင်းဆိုင်ရာ တာဝန်ရှိမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစိုးရများသည် မိမိတို့နိုင်ငံ နယ်နမိတ်အတွင်းရှိ လူသားတိုင်းကို နိုင်ငံသားဖြစ်စေ၊ ဌာနေမဲ့ဖြစ်စေ၊ နယ်မြေသစ်ရှာဖွေသူဖြစ်စေ၊ ဒုက္ခသည်ဖြစ်စေ ကာကွယ်ပေးရန် လိုအပ်သည်။ ရိုဟင်ဂျာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အသက်ရှင်ရပ်တည်ပိုင်ခွင့်၊ နှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်ခြင်းနှင့် လူသားမဆန်သော သို့မဟုတ် နိမ့်ချဆက်ဆံမှု သို့မဟုတ် အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့်၊ လွတ်လပ်မှုရရှိခွင့်နှင့် တဖက်သတ်ဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ ကင်းဝေးခွင့်၊ နိုင်ငံသားဖြစ်ခွင့်၊ အခြေခံအခွင့်အရေးများ ဖြစ်သော ဝတ်မွတ်မှုမှ ကင်းဝေးခွင့်နှင့် အမြင့်ဆုံးကျန်းမာရေး စောင့်ရှောက်ခံပိုင်ခွင့်တို့အပါအဝင် အစားအစာနှင့် နေရာထိုင်ခင်း ရရှိခွင့်များကို ချိုးဖောက်နေသည်။ မြန်မာနိုင်ငံအနေနှင့် အစိုးရတာဝန်ရှိသူများက ရိုဟင်ဂျာများအပေါ် လူသားချင်းစာနာမှု ချိုးဖောက်သော ရာဇဝတ်မှုများ ကျူးလွန်သည်ဆိုသည့် စွပ်စွဲချက်များနှင့် ပတ်သက်သည့် အဖြေကို ပေးရမည်ဖြစ်သည်။ ဒုက္ခသည်များ ရောက်ရှိနေသည် ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာ တို့လည်း ခိုလှုံခွင့် ရှာဖွေပိုင်ခွင့်နှင့် ခံစားခွင့်၊ မတရား ဖမ်းဆီးချုပ်နှောင်ခြင်းမှ ကင်းလွတ်ခွင့်ကို ချိုးဖောက်မှုများကို လုပ်ဆောင်ပြီး တချို့အခြေအနေမျိုးတွင် အတင်းအကြပ် ပြန်လည်ပို့ဆောင်ခြင်းများကို လုပ်ဆောင်နေသည်။ အောက်တွင် ဖော်ပြလက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအနေဖြင့် ရိုဟင်ဂျာများအပေါ်ဦးတည်၍ သက်ရောက်မှုဖြစ်စေသော အဖြစ်အပျက်များနှင့် ပတ်သက်၍ အလေးအနက်စိုးရိမ်ပူပန်နေကြပြီး ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက် စော်ကားခံနေရသော၊ နေရာမှစွန့်ခွာ ထွက်ပြေးနေရသော၊ လူသားချင်းစာနာမှု အကူအညီများ ငြင်းပယ်ခံရသော ရိုဟင်ဂျာဖြစ်စေ၊ ရခိုင်ဖြစ်စေ၊ တခြားတိုင်းရင်းသားနှင့် ဘာသာရေးဂိုဏ်းသရှိသော တခြားသူများဖြစ်စေ၊ သူတို့ကိုယ်စား အကြမ်းဖက်မှုတနစ်ပြည့်မြောက်သည့်အချိန်အခါတွင် အကြမ်းဖက်မှု၊ ခွဲခြားဖိနှိပ်မှုနှင့် စော်ကားမှုများကို ရပ်တန့်ဖို့ လိုအပ်ကြောင်း ထုတ်ဖော်ပြောဆိုအပ်ပါသည်။

## မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အောက်ပါအချက်များကို အမြန်ဆုံးလုပ်ဆောင်ရန်

- မှတ်ပုံတင်ထားသည်ဖြစ်စေ၊ တင်မထားသည်ဖြစ်စေ၊ ပဋိပက္ခကြောင့် ခံစားနေရသည့် ဒေသတွင်းရှိသူအတွက် လူသားချင်းစာနာမှု အခွင့်အရေးနှင့် အကူအညီများ ပံ့ပိုးပေးနိုင်အောင် လုပ်ဆောင်ပေးရန်နှင့် လူသားချင်းစာနာမှု အကူအညီပေးနေသော အဖွဲ့အစည်းများအား ခြိမ်းခြောက်သူများကို ထိရောက်သော အရေးယူမှုများ လုပ်ဆောင်ရန်။
- ပြန်လည်ရင်ကြားစေ့ရေး အစီအအစဉ်ရေးဆွဲခြင်း၊ ကန့်သတ်ထားသော သွားလာမှုများကို ရုတ်သိမ်းခြင်းနှင့် မိမိဖာသာလုံခြုံစွာ ပြန်လာနိုင်ရေးကို သေချာစွာ ပြုလုပ်ရန်။
- ရခိုင်ဒေသတွင်း နေထိုင်သူအားလုံးအတွက် ကာကွယ်မှုပေးရန်၊ အပြစ်ကျူးလွန်ပြီး အပြစ်ပေးမှုမှ လွတ်ကင်းနေမှုများကို အဆုံးသတ်ရန်၊ မျှတသော တရားစီရင်ရေးအောက်တွင် ပြစ်မှုကျူးလွန်သူအားလုံးကို တရားစွဲဆိုရန်၊ မတရားဖမ်းဆီးချုပ်နှောင်ခံရသူများကို
- ချက်ချင်းလွှတ်ပေးရန်နှင့် အကြမ်းဖက်မှုနှင့် မမျှတမှု ခံရသူအားလုံးကို လုံလောက်သောနစ်နာကြေးများပေးရန်။
- ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ကို ဖိတ်ကြားပြီး ရုံးစိုက်ခွင့်ပြုရန်။
- ၁၉၈၂ နိုင်ငံသားဥပဒေနှင့် အခြားခွဲခြားမှုများရှိသော ဥပဒေများကို ပြန်လည်ဆန်းစစ်ပြီး လူတိုင်း နိုင်ငံသားဖြစ်ခွင့်ကို တန်းတူရရှိပိုင်ခွင့်နှင့် လူမျိုးစုတခုကိုအခြေပြုပြီး ခွဲခြားမှုမရှိစေရန်အတွက် သေချာစွာ ကျင့်သုံးရန်။

## ဒုက္ခသည်များလက်ဂယ်ရှိသောနိုင်ငံများအနေဖြင့် အမြန်ဆုံးလုပ်ဆောင်ရန်

- မြန်မာနိုင်ငံမှ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအားလုံးကို အကာအကွယ်ပေးရန်။
- မြန်မာနိုင်ငံမှ ရိုဟင်ဂျာများအနေဖြင့် လိုအပ်သည့် အထူးကာကွယ်မှုများကို ထည့်သွင်းလုပ်ဆောင်ရန်။
- ရိုဟင်ဂျာ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအား တရားလက်လွတ် ချုပ်နှောင်ခြင်းနှင့် အတင်းအကြပ် ပြန်လည်ပို့ဆောင်ခြင်းမပြုရ ဆိုသည့်မူဂါဒကို ချိုးဖောက်၍ မြန်မာနိုင်ငံဖက်သို့ ပြန်လည်ပို့ဆောင်ရန် ကြိုးပမ်းခြင်းများကို ရပ်တန့်ရန်။

## နိုင်ငံတကာလူ့အသိုင်းအဝိုင်းအနေဖြင့် အမြန်ဆုံးလုပ်ဆောင်ရန်

- တိုင်းရင်းသားဖြစ်ခွင့်အပါအဝင် လူနည်းစုဆိုင်ရာ အခွင့်အရေးများကို ကနဦးဆက်ဆံမှုအနေဖြင့် ကာကွယ်ပေးရန် အခိုင်အမာတင်ပြရန်၊ ပြန်လည်ရင်ကြားစေ့ရေးအတွက် မြှင့်တင်လုပ်ဆောင်နေသည့် အစီအစဉ်များကို တင်ပြရန်၊ ကန့်သတ်ထားသော သွားလာခွင့်ကို ရုတ်သိမ်းရန်နှင့်
- ရခိုင်ပြည်နယ်တွင်း လုံခြုံစိတ်ချစွာ ပြန်လည်အခြေချနိုင်ရန်တို့အတွက် မြန်မာအစိုးရကို တွန်းအားပေးရန်။
- အပြစ်ကျူးလွန်ပြီး လွတ်ကင်းနေမှုများကို အဆုံးသတ်ရန်၊ တရားဥပဒေနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုရရှိလာရန်အပါအဝင် အထက်ဖော်ပြပါ အချက်များကို လုပ်ဆောင်ရန်အတွက် မြန်မာအစိုးရကိုတွန်းအားပေးရန်။

---

## လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများမှာ

1. Africa and Middle East Refugee Assistance (Egypt)

2. ALTSEAN - Burma
3. Arab Council Supporting Fair Trials and Human Rights
4. Asia Pacific Refugee Rights Network
5. Association INFO BIRMANIE
6. Association pour la Lutte contre la Pauvreté et le sous Développement (Mauritania)
7. Association Suisse-Birmanie (Switzerland)
8. Benjamin N. Cardozo School of Law, Human Rights and Genocide Clinic (USA)
9. Black Pink Triangle Izmir (Turkey)
10. Burma Campaign Australia
11. Burma Campaign UK
12. Burma Partnership
13. Burmese Rohingya Association of Japan
14. Burmese Rohingya Association of North America
15. Burmese Rohingya Association of Thailand
16. Burmese Rohingya Community in Australia
17. Burmese Rohingya Community in Denmark
18. Burmese Rohingya Organisation UK
19. Center for Informative and Legal Aid – Zvornik (Bosnia and Herzegovina)
20. Christian Solidarity Worldwide
21. Civic Bangladesh
22. Detention Action (UK)
23. Fahamu Refugee Programme
24. Federation of Women Lawyers( Kenya)
25. Fortify Rights International
26. Forum for Women, Law and Development (Nepal)
27. Foundation for Rural Development (Pakistan)
28. Free Burma Campaign (South Africa)
29. Freedom House
30. Frontiers Ruwad Association (Lebanon)
31. Gonggam Human Rights Law Foundation (Republic of Korea)
32. Health Equity Initiatives (Malaysia)
33. Human Rights Education Institute of Burma (Thailand)
34. Human Rights Organisation of Nepal
35. Human Rights Watch
36. Humanitarian Aid Relief Trust
37. Initiative for Development and Empowerment Axis (Pakistan)
38. Institute for Asian Democracy
39. International Detention Coalition

40. International Observatory on Statelessness
41. Japan Association for Refugees
42. Jesuit Refugee Service
43. Journalists for Human Rights (Sudan)
44. Lawyers for Human Rights (South Africa)
45. Lawyers for Liberty (Malaysia)
46. Lawyers Group for Burmese Asylum Seekers in Japan
47. Loyola College Chennai, Department of Social Work (India)
48. Minority Rights Group International
49. Odhikar (Bangladesh)
50. Organization for Defending Victims of Violence (Islamic Republic of Iran)
51. Partners Relief & Development (Norway)
52. Physicians for Human Rights (USA)
53. Praxis (Serbia)
54. Project Maje (USA)
55. Protect The Rohingya (South Africa)
56. Refugee Council of Australia
57. Refugees International
58. Restless Beings (UK)
59. Rohingya Association in Canada
60. Rohingya Community in Norway
61. Rohingya Society of Malaysia
62. Society for Threatened Peoples (Germany)
63. Society for Threatened Peoples (Switzerland)
64. Solidarity for Asian Peoples' Advocacy Working Group on ASEAN
65. South East Asian Committee for Advocacy
66. Stateless Network (Japan)
67. Swedish Burma Committee
68. Taiwan Association for Human Rights
69. Tenaganita (Malaysia)
70. Thai Committee for Refugees Foundation (Thailand)
71. The Arakan Project
72. The Cordoba Foundation
73. The Equal Rights Trust
74. The European Rohingya Council
75. U.S. Campaign for Burma
76. Yayasan Lembaga Bantuan Hukum (Indonesia)